# Solemnity of Christ the King

## 1st READING: Dn 7:13-14

ဒါနီအဲလ်အနာဂတ္တိကျမ်း ၇း ၁၃–၁၄

ညအချိန်ရူပါရုံများ၌ဆက်လက်၍ငါတွေ့ရသည်မှာလူသားနှင့်တူသောသူတစ်ဦးသည်ကောင်းကင်မှတိမ်ကိုစီးလျက်ရောက်လာ၏။ သူသည်အသက်ကြီးသူထံသို့ရောက်သောအခါထိုသူကိုအထံတော်သို့သွင်းကြ၏။ နိုင်ငံတော်ဘုန်းတန်ခိုးနှင့်ဘုရင်အဖြစ်ကိုသူ့အားအပ်နှင်း၍ဘာသာစကားအမျိုးမျိုးကိုပြောသောတိုင်းနိုင်ငံများနှင့်လူမျိုးများတို့သည်သူ့အားအစေခံကြလိမ့်မည်။ သူ၏နိုင်ငံတော်သည်အစဉ်ထာဝရတည်နေမည့်နိုင်ငံတော်ဖြစ်၍မည်သို့မျှပျောက်ကွယ်သွားခြင်းလည်းမရှိရ။ ပျက်စီးခြင်းသို့လည်းမရောက်နိုင်ရာဟူ၍ဖြစ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps  93:1, 1-2, 5

**ဆာလံ ၉၃**

**သံပြိုင်။ ။** ထာဝရဘုရားသည်စိုးစံတော်မူ၏။ ဂုဏ်ကျက်သရေတော်နှင့်ဝတ်ဆင်တော်မူ၏။

**၁။** ထာဝရဘုရားသည်စိုးစံတော်မူ၏။ ဂုဏ်ကျက်သရေတော်နှင့်ဝတ်ဆင်တော်မူ၏။ထာဝရဘုရားသည်ဂုဏ်ကျက်သရေတော်နှင့်ဝတ်ဆင်တော်မူ၍လက်ရုံးတော်ကိုခွန်အားဖြင့်ပြည့်စေတော်မူ၏။ **(သံပြိုင်)**

**၂။ ကိုယ်တော်သည်ကမ္ဘာမြေကြီးကိုခိုင်မြဲစွာတည်စေတော်မူသည်ဖြစ်၍**ယင်းကိုလှုပ်ရှား၍မရနိုင်ချေ။ ကိုယ်တော်၏ရာဇပလ္လင်တော်ကိုရှေးကာလမှစ၍တည်စေတော်မူခဲ့၏။ ကိုယ်တော်သည် အစဉ်ထာဝရကပင် တည်ရှိတော်မူ ၏။ **(သံပြိုင်)**

**၃။** အိုထာဝရဘုရား၊ကိုယ်တော်၏ပညတ်တော်တို့သည်တည်တံ့ခိုင်မြဲပါ၏။ သန့်ရှင်းမြင့်မြတ်တော်မူခြင်းသည်ကိုယ်တော်၏အိမ်တော်ကိုကာလအစဉ်အဆက်တန်ဆာဆင်တော်မူပါ။ **(သံပြိုင်)**

## 2nd READING: *Rv 1:5-8*

ဗျာဒိတ်တော်ကျမ်း ၁း ၅–၈

ငါတို့ကိုချစ်တော်မူ၍မိမိအသွေးတော်နှင့်ဆေးကြောတော်မူပြီးဘုရားအားငါတို့အတွက်နိုင်ငံတော်တည်ထောင်ပေးလျှက်။ ငါတို့ကိုရဟန်းမျိုးနွယ်ဖြစ်စေသောကိုယ်တော်အားဘုန်းဂုဏ်တော်နှင့်တန်ခိုးအာဏာတော်အစဉ်ရှိတော်မူစေသတည်း။ အာမင်။ ကြည့်လော့၊ ကိုယ်တော်သည်မိုးတိမ်များအလယ်တွင်ကြွလာတော်မူလိမ့်မည်။ လူတိုင်းဖူးမြင်ကြရလိမ့်မည်ဖြစ်၍ကိုယ်တော်ကိုလှံဖြင့်ထိုးဖောက်သောသူများပင်လျှင်မြင်ကြရလိမ့်မည်။ ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့သည်ကိုယ်တော်အတွက်ကြောင့်ငိုကြွေးရလိမ်မည်။ ထိုကဲ့သို့ပင်ဖြစ်လိမ့်မည်။ အာမင်။ ငါသည်အာလ်ဖါနှင့်အိုမီဂါဖြစ်၏ ဟုပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလတို့တွင်တည်တော်မူသောအနန္တတန်ခိုးတော်ရှင်ဘုရားသခင်မိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: Jn 18:33b-37

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၈း ၃၃–၃၇

ထိုအခါပီလာတုမင်းသည်အိမ်တော်ထဲသို့ပြန်ဝင်၍သခင်ယေဇူးကိုခေါ်ပြီးလျှင်သင်သည်ဂျူးလူမျိုးတို့၏ရှင်ဘုရင်ဖြစ်သလောဟုကိုယ်တော်အားမေးလေ၏။ သခင်ယေဇူးကမင်းကြီးသည်ဤစကားကိုကိုယ့်အလိုအလျောက်ဆိုသလော၊ သို့မဟုတ်လျှင်ငါ၏အကြောင်းကိုသူတစ်ပါးတို့ကမင်းကြီးအားလျှောက်ထားသလောဟုမေးတော်မူ၏။ ပီလာတုမင်းကငါသည်ဂျူးလူမျိုးဖြစ်သလော၊ သင့်လူမျိုးနှင့်ရဟန်းအကြီးအကဲတို့သည်သင့်ကိုငါ့လက်သို့အပ်ခဲ့ကြပြီ။သင်သည်အဘယ်အမှုကိုပြုမိသနည်းဟုမေးလေ၏။ သခင်ယေဇူးကငါ၏နိုင်ငံသည်ဤလောကနှင့်သက်ဆိုင်သည်မဟုတ်၊ ငါ၏နိုင်ငံသည်ဤလောကနှင့်သက်ဆိုင်လျှင်ငါသည်ဂျူးလူမျိုးတို့၏လက်သို့အပ်နှံခြင်းမခံရအောင်ငါ၏အမှုထမ်းများသည်တိုက်ခိုက်ကြလိမ့်မည်။ အမှန်စင်စစ်ငါ၏နိုင်ငံသည်ဤလောကနှင့်သက်ဆိုင်သည်မဟုတ်ဟုမိန့်တော်မူ၏။ ပီလာတုမင်းကသို့ဖြစ်လျှင်သင်သည်ရှင်ဘုရင်ဖြစ်သလောဟုမေး၏။ သခင်ယေဇူးကမင်းကြီးဆိုသည့်အတိုင်းငါသည်ရှင်ဘုရင်ဖြစ်၏။ ငါသည်သမ္မာတရားကိုဟောပြောခြင်းငှါမွေးဖွားခြင်းခံခဲ့၍ဤလောကသို့ကြွလာ၏၊သမ္မာတရားနှင့်သက်ဆိုင်သူဟူသမျှသည်ငါ၏စကားကိုနားထောင်ကြ၏

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။